# ဓမ္မခန္ဓာ (၇၆) ခေတ်ကာလ (အလ်–ဒဟ်ရိ)

ဥဒ္ဒကစ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၈)၊ သုတ်ဒေသနာ (၃၁)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | هَلْ أَتَى عَلَى الْإِنسَانِ حِينٌ مِّنَ الدَّهْرِ لَمْ يَكُن شَيْئًا مَّذْكُورًا۞<br>လူသားအပေါ် သတိရမှတ်တမ်း တခုမျှ မရှိသော ခေတ်ကာလ အချိန်ခါ ပေးရောက်ခဲ့သည် မဟုတ်လော။[၁၁၁] |
| ၂။ | إِنَّا خَلَقْنَا الْإِنسَانَ مِن نُّطْفَةٍ أَمْشَاجٍ نَّبْتَلِيهِ فَجَعَلْنَاهُ سَمِيعًا بَصِيرًا۞<br>ကေန်ပင် ငါသည် လူသားအား စုံစမ်းရန်အလို့ငှာ ရောစပ်သော သုတ်ရည်မှ ဖြစ်တည်စေခဲ့၏။ သို့ဖြင့် ငါသည် သူ့အား ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်းကို စီရင်ပေးတော်မူ၏။[၁၁၂] |
| ၃။ | إِنَّا هَدَيْنَاهُ السَّبِيلَ إِمَّا شَاكِرًا وَإِمَّا كَفُورًا۞<br>ငါသည် သူ့အား လမ်းစဉ်တော်သို့ လမ်းညွှန်၏၊ သူသည် ကျေးဇူးသိနိုင်၊ ဖုံးကွယ်မှောင်ချနိုင်၏။ |
| ၄။ | إِنَّا أَعْتَدْنَا لِلْكَافِرِينَ سَلَاسِلَا وَأَغْلَالًا وَسَعِيرًا۞<br>ငါသည် ဖုံးကွယ်သူများ အတွက် မီးသံကြိုး၊ လက်ထိတ်နှင့် မီးတောက်မီးလျှံကို ပြင်ဆင်ထားတော်မူ၏။ |
| ၅။ | إِنَّ الْأَبْرَارَ يَشْرَبُونَ مِن كَأْسٍ كَانَ مِزَاجُهَا كَافُورًا۞<br>သူတော်ကောင်းတို့ သောက်သုံးရမည့် ခွက်မှာ နတ်သုဒ္ဓါရည် ယမကာ ဖြစ်၍– |
| ၆။ | عَيْنًا يَشْرَبُ بِهَا عِبَادُ اللهِ يُفَجِّرُونَهَا تَفْجِيرًا۞<br>ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်များ သောက်သော စိမ့်စိမ့် စီးထွက်နေသည့် မြစ်ချောင်းမှ ဖြစ်၏။ |
| ၇။ | يُوفُونَ بِالنَّذْرِ وَيَخَافُونَ يَوْمًا كَانَ شَرُّهُ مُسْتَطِيرًا۞<br>သူတို့သည် သူတို့၏ တိုင်တည်မှုကို ဖြည့်ဆည်းကြ၏၊ ဘေးကျပ်နံကျပ် ခက်ခဲရမည့် နေ့ကာလကို ကြောက်ရွံ့ကြ၏။ |
| ၈။ | وَيُطْعِمُونَ الطَّعَامَ عَلَى حُبِّهِ مِسْكِينًا وَيَتِيمًا وَأَسِيرًا۞<br>သူတို့သည် အရှင့်အား ချစ်ခြင်းဖြင့် ဆင်းရဲသားများ၊ မိဘမဲ့များ၊ စစ်သုံ့ပန်းများကို ကျွေးစရာ ကျွေးမွေးကြ၍– |

---

**(၁၁၁)** ဤသုတ်တော်က လူသားတို့တွင် သမိုင်းမတင်မီခေတ်၊ ပြန်ပြောင်း သတိရစေရန် မှတ်တမ်းမှတ်ရာများ တစ်စုံတစ်ရာမျှ မရှိသောခေတ် ဟု ရှိခဲ့ကြောင်းကို အတိအကျ သက်သေပြလျှက် ရှိပေသည်။ ထို့ကြောင့်– လူသားတို့ သတိရနေသော ကမ္ဘာ့ ပထမဆုံးလူသား ဖြစ်သည့် အာဒံ မတိုင်မီ သမိုင်းမဝင်သော လူသားများခေတ် ရှိခဲ့သည်ဟူခြင်းမှာ ငြင်းဆို၍ မရပေ။ ဤကျမ်းမြတ်ကုရ်အာန်တွင် အာဒံကို ကမ္ဘာပထမဆုံး လူသားဟု လုံးဝ ဆိုမထားချေ။

**(၁၁၂)** ဤသုတ်တော်သည် လူသားမျိုးဆက် ဖြစ်တည်လာစေရန် ကပြား အဖြစ် မျိုးပေါင်းခြင်းများဖြင့် ဖြစ်တည်လာခဲ့စေသည်ဟု ဆိုထားပေသည်။ ယခုခေတ်တွင်ပင်– ကပြားများသည် ဉာဏ်ရည် သာလွန်ကောင်းမွန်ကြောင်းကို သိပ္ပံပညာရှင်များက သက်သေပြလျှက် ရှိပေသည်။ သို့သော် လူဟူသော မျိုးစိတ်တူညီရမည် ဖြစ်သည်။ ထို့ပြင် လူသားမှန်လျှင် သုတ်သွေးရောစပ်မှ မွေးဖွားလာနိုင်သည်ဟု ဤသုတ်တော်က အတိအကျ ဆိုပေသည်။ – အာဒံနှင့် ယေရှုတို့မှာလည်း လူသားစင်စစ်မှလွဲ၍ အခြား မဟုတ်ချေ။

| | |
|---|---|
| ၉။ | **إِنَّمَا نُطْعِمُكُمْ لِوَجْهِ اللَّهِ لَا نُرِيدُ مِنكُمْ جَزَاءً وَلَا شُكُورًا**<br>–“ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ ရှေ့ရှုမှုအတွက် သင်တို့အား ကျွေးမွေးပါ၏၊ သင်တို့ထံမှ အကျိုးရလဒ်နှင့် ကျေးဇူးကို မလိုလားပါ၊– |
| ၁၀။ | **إِنَّا نَخَافُ مِن رَّبِّنَا يَوْمًا عَبُوسًا قَمْطَرِيرًا**<br>ကျွန်ုပ်တို့သည် ကံကြမ္မာရှင် ထံမှ အလုံးအရင်းနှင့် ချောက်ချားစေမည့် နေ့ကာလကိုသာ ကြောက်ရွံ့၏၊”ဟု ဆိုကြ၏။ |
| ၁၁။ | **فَوَقَاهُمُ اللَّهُ شَرَّ ذَٰلِكَ الْيَوْمِ وَلَقَّاهُمْ نَضْرَةً وَسُرُورًا**<br>သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့ထံမှ ထိုနေ့ကာလ၏ အကုသိုလ်များကို ဖယ်ရှားလိုက်ပြီ။ သူတို့အတွက် ရွှင်လန်းတောက်ပခြင်း ပျော်ရွှင်ရခြင်းကို ခင်းကျင်းပေးတော်မူပြီ။ |
| ၁၂။ | **وَجَزَاهُم بِمَا صَبَرُوا جَنَّةً وَحَرِيرًا**<br>သူတို့၏ သီးခံခြင်းများအတွက် ဥယျာဉ်ဘုံနှင့် ပိုးဖဲကတ္တီပါတို့ကို အကျိုးဆုလဒ်ရစေပြီ။ |
| ၁၃။ | **مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ لَا يَرَوْنَ فِيهَا شَمْسًا وَلَا زَمْهَرِيرًا**<br>သူတို့အား အပန်းဖြေခုံများပေါ်၌ အနားယူစေလျှက်၊ ထို၌ နေအပူရှိန်နှင့် အလွန်အေးခြင်းကို မြင်ရစေမည် မဟုတ်ချေ။ |
| ၁၄။ | **وَدَانِيَةً عَلَيْهِمْ ظِلَالُهَا وَذُلِّلَتْ قُطُوفُهَا تَذْلِيلًا**<br>ဂင်းမှ အရိပ်တို့သည် သူတို့အပေါ်သို့ ကျနေလျှက်၊ သီးနှံတို့သည်လည်း လက်မီသော လက်တစ်မှီ၌ ရှိနေ၏။ |
| ၁၅။ | **وَيُطَافُ عَلَيْهِم بِآنِيَةٍ مِّن فِضَّةٍ وَأَكْوَابٍ كَانَتْ قَوَارِيرَا**<br>ကြည်လင်ဖေါက်မြင်နိုင်သော ငွေခွက်များဖြင့် သောက်ရေကို သူတို့အား လှည့်လည်ပေးလတ္တံ့။ |
| ၁၆။ | **قَوَارِيرَ مِن فِضَّةٍ قَدَّرُوهَا تَقْدِيرًا**<br>ကြည်လင်ဖေါက်မြင်နိုင်သော ငွေခွက်များသည်– စည်းချိန်အတိုင်း စည်းချိန်မှတ်နိုင်စေ၏။ |
| ၁၇။ | **وَيُسْقَوْنَ فِيهَا كَأْسًا كَانَ مِزَاجُهَا زَنجَبِيلًا**<br>သူတို့အား ခံတွင်းရှင်းသော ဂျင်းဖျော်ရည်ပါသည့် ခွက်ဖြင့် တိုက်ကျွေးလတ္တံ့။ |
| ၁၈။ | **عَيْنًا فِيهَا تُسَمَّىٰ سَلْسَبِيلًا**<br>ထိုမှ မြစ်ချောင်း၏ အမည်မှာ ဆုတောင်းပြည့်လမ်း[၁၁၁၃] ဖြစ်၏။ |
| ၁၉။<br>☆၅၂း၂၄<br>၅၆း၁၇ | **وَيَطُوفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُونَ إِذَا رَأَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنثُورًا**<br>သူတို့၏ အပါး၌ သားရတနာတို့သည် ကာလစည်းခြားမရှိ လှည့်လည်နေလျှက်၊ သင်သည်သူတို့အား မြင်တွေ့လိုက်လျှင် ကြဲဖြန့်ထားသော ပုလဲများဟု ထင်မှတ်ရမည်ပင်။☆ |

(၁၁၁၃) ဤမြစ်၏ အမည်ကို ဆရာတော်ကြီးများက အာရဗီ အမည်အတိုင်း **ဆာလ်ဆဗီးလ်** ဟု ရေးသားကြပေသည်။ ဤဘာသာပြန်တွင် တတ်နိုင်သမျှ မြန်မာများ နားလည်စေရန် ပြန်ဆိုသည်ဖြစ်ရာ ထိုစကားလုံး၏ အဓိပ္ပါယ်ကို ပြန်ဆိုထားခြင်း ဖြစ်ပေသည်။ **ဆာလ်** မှာ– မေးမြန်းသည် တောင်းခံသည်ဟု ဖြစ်၍၊ **ဆဗီးလ်**၏ အဓိပ္ပါယ်မှာ လမ်းစဉ်၊ လမ်းကြောင်း ဟု ဖြစ်ပေသည်။ ထိုဝေါဟာရ နှစ်လုံးအား ပေါင်းစပ်လိုက်သော အခါ၊ လမ်းစဉ်တော်၌ ဆုတောင်းပြည့်ခြင်း ဟု ဖြစ်လာပေသည်။ ဧရာဝတီ ဟူသော မြစ်ကို ကမ္ဘာ့မြေပုံတွင်လည်း ဧရာဝတီဟူသော အသံကိုသာ ရေးသားသော်လည်း ဧရာ ဆိုသည်မှာ ကြီးမားသော၊ ဝတီ ဆိုသည်မှာ မြစ်– ပေါင်းစပ်လိုက်လျှင် ကြီးမားသော မြစ် ဟု အဓိပ္ပါယ်သက်ရောက် သကဲ့သို့ပင်– အသံထွက်အတိုင်း မှတ်သားလျှင်လည်း လွဲချော်မှု မရှိချေ။

| | |
|---|---|
| ၂၀။ | وَإِذَا رَأَيْتَ ثَمَّ رَأَيْتَ نَعِيمًا وَمُلْكًا كَبِيرًا۝<br>သင်သည် ထိုသို့ ကြည့်လိုက်လျှင်၊ ဂုဏ်ရှိသော ကြီးမြတ်သော နိုင်ငံတော်ကို မြင်တွေ့ရလတ္တံ့။ |
| ၂၁။ | عَالِيَهُمْ ثِيَابُ سُندُسٍ خُضْرٌ وَإِسْتَبْرَقٌ وَحُلُّوا أَسَاوِرَ مِن فِضَّةٍ وَسَقَاهُمْ رَبُّهُمْ شَرَابًا طَهُورًا۝<br>သူတို့၏ အပေါ်ယံ အဝတ်အစားများမှာ ပိုးသား မြစိမ်းရောင် ပိုးဖဲကတ္တီပါတို့ ဖြစ်၏။ သူတို့အား ငွေသား လက်ကောက် လက်ဝတ်များဖြင့် ဆင်ယင်ပေးလျှက်၊ ကံကြမ္မာရှင်က သူတို့အား သန့်စင်သော သောက်ရေအား တိုက်ကျွေးလတ္တံ့။ |
| ၂၂။ | إِنَّ هَذَا كَانَ لَكُمْ جَزَاءً وَكَانَ سَعْيُكُم مَّشْكُورًا۝<br>ကေန်ပင်– ဤသည် သင်တို့အတွက် အကျိုးဆုဖြစ်၏။ သင်တို့၏ လုံ့လများအတွက် ကျေးဇူးပြုတော်မူပြီ။ |
| ၂၃။ | إِنَّا نَحْنُ نَزَّلْنَا عَلَيْكَ الْقُرْآنَ تَنزِيلًا۝<br>ကေန်ပင် ငါသည် သင့်အား ဤကုရ်အာန်အား ချမှတ်ပေးခြင်းဖြင့် ချမှတ်ပေးတော်မူပြီ။ |
| ၂၄။ | فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ آثِمًا أَوْ كَفُورًا۝<br>သို့ဖြစ်၍ ကံကြမ္မာရှင်၏ ဓမ္မသတ်အတွက် သီးခံပါရမီကြီးလော့၊ သူတို့အနက်မှ အပြစ်ရှိသူ၊ ဖုံးကွယ်သူတို့အား မနာခံလင့်။ |
| ၂၅။ | وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَأَصِيلًا۝<br>နံနက်ခင်း၊ ညနေခင်း၌ ကံကြမ္မာရှင်၏ ဂုဏ်တော်အား ရှုမှတ်သတိရလော့။ |
| ၂၆။<br>☆၇၃း၂ | وَمِنَ اللَّيْلِ فَاسْجُدْ لَهُ وَسَبِّحْهُ لَيْلًا طَوِيلًا۝<br>ညပိုင်း၌ အရှင့်အား ဦးချနာခံလော့၊ ရှည်လျှားသော ညတာ၌ အရှင့်အား ဦးထိပ်ထားလော့။☆ |
| ၂၇။ | إِنَّ هَؤُلَاءِ يُحِبُّونَ الْعَاجِلَةَ وَيَذَرُونَ وَرَاءَهُمْ يَوْمًا ثَقِيلًا۝<br>ကေန်ပင် ဤသူတို့သည်ကား အလွဲအပြောင်းဘဝလေးကို ချစ်မြတ်နိုးနေလျှက်– သူတို့ထံ ဦးတည်နေသည့် လေးလံလှသော နေ့ကာလကို ပစ်ပယ်ထားကြ၏။ |
| ၂၈။ | نَحْنُ خَلَقْنَاهُمْ وَشَدَدْنَا أَسْرَهُمْ وَإِذَا شِئْنَا بَدَّلْنَا أَمْثَالَهُمْ تَبْدِيلًا۝<br>ငါသည် သူတို့အား ဖြစ်တည်စေတော်မူ၏၊ သူတို့အား ကြံ့ခိုင် ဖွံ့ဖြိုးစေ၏။ ငါ၏ စံချိန်ပြည့်မှီသောအခါ ငါသည် သူတို့အစား ပြောင်းလဲခြင်းဖြင့် သူတို့ကဲ့သို့သူများကို ပြောင်းလဲနိုင်တော်မူ၏။ |
| ၂၉။ | إِنَّ هَذِهِ تَذْكِرَةٌ فَمَن شَاءَ اتَّخَذَ إِلَى رَبِّهِ سَبِيلًا۝<br>ကေန်ပင် ဤသည် သတိပေးတရားတော် ဖြစ်၏။ စံချိန်ပြည့်မှီသူသည် ကံကြမ္မာရှင်၏ လမ်းစဉ်ဆီသို့ အယူထားနိုင်၏။ |
| ၃၀။ | وَمَا تَشَاءُونَ إِلَّا أَن يَشَاءَ اللَّهُ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا۝<br>ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်မှီဘဲ– သင်တို့သည် စံချိန်ပြည့်မှီမည် မဟုတ်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၁၁၁၄] |

(၁၁၁၄) လူသားသည် မိမိရည်မှန်း လိုချင်သော ပန်းတိုင်သို့ ရောက်ရန် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကဓမ္မစံချိန်အား ဒီဂရီ စံချိန်ပြည့်မှီသည်ထိ ကြိုးစားရမည် ဖြစ်သည်။ ဉပမာအားဖြင့် ရေခဲကို လိုချင်လျှင် ရေအား အေးခဲစေမည့် စံချိန်သို့ ပြည့်မှီသည်အထိ အေးခဲစေရမည် ဖြစ်၍– ရေပူကို လိုချင်လျှင်လည်း ရေကို ဆူပွက်နိုင်သည်အထိ အပူချိန်ပေးရမည် ဖြစ်သကဲ့သို့ပင်။–

| | |
|---|---|
| ၃၁။ | **يُدْخِلُ مَن يَشَاء فِي رَحْمَتِهِ وَالظَّالِمِينَ أَعَدَّ لَهُمْ عَذَابًا أَلِيمًا۝**<br>စံချိန်ပြည့်မှီသူသား အရှင်၏ ကရုဏာတွင်းသို့ ဝင်ခွင့်ရစေလတ္တံ့။ အမိုက်ကောင်များ– သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးကို ပြင်ဆင်ထားပြီ။ |